FORB Learning Platform

# ဖာတ်ညွှန်း : လွတ်လပ်စွာ ကိုးကွယ်ခြင်း (သို့) သက်ဝင်ယုံကြည်မှု အကြောင်းအရာများ - အသိတရားအရ ငြင်းဆိုခြင်း

လွတ်လပ်စွာ တွေးခေါ်ပိုင်ခွင့်နှင့် ခံယူပိုင်ခွင့်တွေကို နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် အပိုဒ် - ၁၈ ပါ၊ ဘာသာရေးနှင့် သက်ဝင်ယုံကြည်မှုအရ အကာအကွယ် ပြုထားပါတယ်။ ဒ့ါကြောင့် အသိတရားအရ ငြင်းဆိုခြင်းဟာ လွတ်လပ်စွာ ကိုးကွယ်ခြင်း သို့မဟုတ် သက်ဂင်ယုံကြည်မှုရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။

အသိတရားအရ ငြင်းဆိုခြင်းဆိုတာက သင်လုပ်ဆောင်ရမည့် အရာတစ်ခုဟာ သင့်ရဲ့ အသိတရား (သို့) ဘာသာရေးသက်ဝင်ယုံကြည်မှုကို ချိုးဖောက်ရာရောက်မှာမို့ မလုပ်ဖို့ငြင်းဆိုတာ ကို ဆိုလိုခြင်းဖြစ်ပါတယ်။

လူတွေအနေနဲ့ ငြင်းဆိုဖို့ အခွင့်အရေးရှိတယ်ဆိုတဲ့ ဥပမာတွေထဲမှာ စစ်မှုမထမ်းမနေရ၊ ကျမ်းသစ္စာကျိန်ဆိုခြင်း၊ သွေးသွင်းခြင်း (သို့) ဆေးဘက်ဆိုင်ရာ လုပ်ငန်းစဉ်တစ်ခုခုမှာ ပါဝင်ဆောင်ရွက်ခြင်းတို့ ပါဝင်ပါတယ်။ ကုလသမဂ္ဂစာတမ်းမှာ အတိအကျဖော်ပြထားတဲ့ အသိတရားအရ ငြင်းဆိုခြင်းပုံစံကတော့ စစ်မှုထမ်းခြင်းမှ ငြင်းဆိုခွင့်ဖြစ်ပါတယ်။ ဒါကို တရားဥပဒေအရ စည်းနှောင်ထားတဲ့ ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်တွေ (သို့) အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းတွေမှာ ဖော်ပြထားခြင်းမရှိပါဘူး။ အဲဒီအစား ကအ္မာ့ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီရဲ့ အထွေထွေသဘောထားမှတ်ချက် အမှတ်(၂၂)မှာ ဖော်ပြထားပါတယ်။ အဲဒီစာတမ်းဟာ အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ ပဋိညာဉ်စာချုပ်ပါ အပိုဒ်(၁၈) ပါ အကြောင်းအရာကို နိုင်ငံတော်အနေနဲ့ ဘယ်လိုအဓိပ္ပာယ် ဖွင့်ဆိုရမယ်ဆိုတာကို  ကုလသမဂ္ဂလူ့အခွင့်အရေး ကျွမ်းကျင်ပညာရှင်များက ရှင်းပြပေးထားတာ ဖြစ်ပါတယ်။ ကော်မတီက အပိုဒ်(၁၈) ဟာ လူတစ်ဦးရဲ့ လွတ်လပ်စွာ ခံယူပိုင်ခွင့်နှင့် မိမိကိုးကွယ်တဲ့ ဘာသာ (သို့) သက်ဂင်ယုံကြည်မှုကို ကျင့်သုံးခွင့်နှင့်ဆန့်ကျင်ပြီး သတ်ဖြတ်မှုတွေ လုပ်ရမယ်ဆိုရင် အဲဒီ စစ်မှုထမ်းခြင်းကို အသိတရားအရ ငြင်းဆိုပိုင်ခွင့်ရှိတယ်လို့ နိဂုံးချုပ် ရေးသားခဲ့ပါတယ်။

နိုင်ငံတော်တော်များများက ဒီအခွင့်အရေးကိုအသိအမှတ်ပြုထားပြီး အခြား ရွေးချယ်စရာ နိုင်ငံ့ တာဝန် ထမ်းဆောင်နိုင်တဲ့စနစ်နဲ့ ကင်းလွတ်ခွင့်တွေကို ပေးအပ်ထားပါတယ်။  ဒါပေမယ့် မိမိတို့ ကိုးကွယ်တဲ့ ဘာသာနှင့် အကြမ်းမဖက် ငြိမ်းချမ်းရေးဂါဒ စွဲကိုင်ထားတာတွေကြောင့် စစ်မှုထမ်းဖို့ ငြင်းဆန်တဲ့သူတွေကို ထောင်ဒဏ်ချမှတ်တဲ့ နိုင်ငံအချို့လည်း ရှိပါသေးတယ်။ ယေဟောဂါ သက်သေများဟာ ဒီပြစ်ဒဏ်ကို အများဆုံး ခံစားနေရသူများ ဖြစ်ပါတယ်။ ဥပမာ- ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလတုန်းက တောင်ကိုးရီးယားနိုင်ငံမှာ ယေဟောဂါ သက်သေခံ (၃၈၉) ဦးဟာ အသိတရားအရ ငြင်းဆိုခဲ့တဲ့ အတွက် ထောင်ဒဏ် ကျခံခဲ့ရပါတယ်။

ကုလသမဂ္ဂ လူ့အခွင့်အရေး စာချုပ်များအရ စစ်မှုထမ်းခြင်းမဟုတ်တဲ့ အခြားရွေးချယ်စရာများဟာ အသိတရားအရ ငြင်းဆိုသူ အားလုံးအပေါ် ခွဲခြားဆက်ဆံမှုမရှိဘဲ ရယူနိုင်စေပြီး၊ စစ်မှုထမ်းခြင်းနှင့်ဆက်စပ်နေသူ အားလုံးဟာလည်း အသိတရားအရ ငြင်းဆိုနိုင်ခွင့်အကြောင်းနှင့် ဒါကို ဘယ်လိုတောင်းဆိုရမယ်ဆိုတဲ့အကြောင်းကို သိရှိထားသင့်ပါတယ်။ စစ်မှုထမ်း စာရင်းဝင်များနဲ့ စေတနာ့ဝန်ထမ်းများဟာ စစ်မှုမထမ်းမီနှင့် စစ်မှုထမ်းဆဲ ကာလမှာ ဒါကို ငြင်းဆိုခွင့် ရှိသင့်ပါတယ်။

စစ်မှုထမ်းခြင်းကို အသိတရားအရ ငြင်းဆိုခွင့်အပြင်၊ အခြား အသိတရားအရ ငြင်းဆိုပုံတွေကို လည်း နိုင်ငံအဆင့်မှာ အသိအမှတ်ပြုလေ့ရှိပါတယ်။ များသောအားဖြင့်တော့ ကျန်းမာရေး စောင့်ရှောက်မှုတွေပါ။ ဥပမာ - သားဖွားဆရာမနှင့် ဆရာဝန်တွေက ကိုယ်ဝန် ဖျက်ချပေးဖို့ ငြင်းဆိုခြင်း ဖြစ်ပါတယ်။ အချို့နိုင်ငံတွေမှာတော့ လိင်တူချင်း လက်ထပ်ခြင်းပေးရာ မှာ အသိတရားအရ ငြင်းဆိုခြင်းတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ရပိုင်ခွင့်တွေ တစ်ခုနှင့်တစ်ခု ပဋိပက္ခ ဖြစ်သွားတဲ့အခါ ဖြေရှင်းရခက်တဲ့ ပြဿနာတွေ ထွက်ပေါ်လာတတ်ပါတယ်။ ဥပမာ - အသိတရားအရ ငြင်းဆိုပိုင်ခွင့်က အမျိုးသမီးအခွင့်အရေး (သို့) ခွဲခြားဆက်ဆံမှု ပပျောက်ရေး ဥပဒေပြဌာန်းချက်များနဲ့ ဆန့်ကျင်ဖက် ဖြစ်နေတာမျိုး ဖြစ်ပါတယ်။

ဒီလို အသိတရားအရ ငြင်းဆိုခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းတဲ့ နိုင်ငံတကာ ဥပဒေစံနှုန်းတွေ မရှိသေးပါဘူး။ တကယ်တော့ ဒီကိစ္စဟာ အလွန်အငြင်းပွားဖွယ်ဖြစ်နေပါတယ်။

ဒီလိုနဲ့ သင်တို့မကြာခဏ ကြုံတွေ့နိုင်တဲ့ အငြင်းပွားဖွယ် (၃) ခုရှိပါတယ်။

အချို့လူတွေက အသိတရားအရ ငြင်းဆိုပိုင်ခွင့်ဟာ မိမိနစ်သက်ရာ ဘာသာ (သို့) သက်ဝင်ယုံကြည်မှု ရရှိဖို့အတွက် အကြွင်းမဲ့အခွင့်အရေးရဲ့ တစ်စိတ်တစ်ဒေသဖြစ်ပြီး ဒါကို ကန့်သတ်ချက် ဘယ်တော့မှ မထားသင့်ဘူးလို့ အငြင်းပွားကြပါတယ်။ သူတို့က မိမိ အသိတရားအရ လိုက်စားလို့ ဘယ်လိုပြစ်ဒဏ်မျိုး (သို့) နစ်နာဆုံးရှုံးမှုမှ မရှိသင့်ဘူးလို့ ငြင်းဆိုကြပါတယ်။ တကယ်တော့လည်း တစ်ကြိမ်တည်းမှာ ဘာသာတရားကိုင်းရှိုင်းတဲ့ ငြိမ်းချမ်းရေးဂါဒကိုင်စွဲသူနှင့် စစ်သားတစ်ယောက်ဖြစ်ဖို့ဆိုတာ မလွယ်ကူပါဘူး။ ဒါ့ကြောင့် ငြိမ်းချမ်းရေးဂါဒကိုင်စွဲသူတွေကို စစ်သားဖြစ်လာ အောင် အတင်းသွက်သွင်းခြင်းဟာ သူတို့ရဲ့အတွင်းရေးဖြစ်တဲ့ ဘာသာရေး (သို့) သက်ဂင်ယုံကြည်မှု ထားရှိခွင့် ကို ချိုးဖောက်ရာ ရောက်ပါတယ်။

တချို့တွေကတော့ အသိတရားအရ ငြင်းဆိုပိုင်ခွင့်ဟာ အကြွင်းမဲ့အခွင့်အရေးတစ်ရပ်ဖြစ်တယ်။ ဒါပေမယ့် ပတ်ဂန်းကျင်အပေါ်မှုတည်တယ်လို့ လက်ခံကြတယ်။ စစ်မှုထမ်းစာရင်းဝင်များ၊ အကျဉ်းသားများ နှင့် မိမိတို့သဘောကျ အခြေအနေကို ရွေးချယ်ခွင့်မရှိသူတွေကို သူတို့ရဲ့ အသိတရားတွေကို ချိုးဖောက်ဖို့ ဘယ်တော့မှ ဖိအားမပေးသင့်ဘူးလို့ ဆိုကြပါတယ်။ ဒါပေမယ့် မိမိသဘောအတိုင်း အလုပ်လျှောက်ပြီး လွတ်လပ်စွာ အလုပ်ထွက်နိုင်တဲ့သူတွေဟာ သူတို့ရဲ့စိတ်အလိုရှိတိုင်း အလုပ်ရှင်တွေက အလိုလိုက် စီစဉ်ပေးမယ်လို့လည်း မျှော်လင့်ထားလို့

မရပါဘူး။ တစ်နည်းအားဖြင့် မိမိရဲ့အသိတရား အရ လုပ်ဆောင်ဖို့ ရွေးချယ်မယ်ဆိုရင် တန်ရာတန်ကြေး တစ်စုံတရာ ရှိမှာ ဖြစ်ပါတယ်။

တချို့ကတော့ အသိတရားအရ ငြင်းဆိုခြင်းဆိုတာက လုပ်ဆောင်ချက်တစ်ခု ဖြစ်တာကြောင့် ဒါဟာ မိမိရဲ့အသိတရား၊ ဘာသာရေး (သို့) သက်ဝင်ယုံကြည်မှုကို လူသိရှင်ကြား ကျင့်သုံးခြင်း ဖြစ်တယ်လို့ ပြောကြပါတယ်။ လူသိရှင်ကြား ကျင့်သုံးခြင်းမှာ အကန့်အသတ် ရှိနိုင်ပါတယ်။ ဒါပေမယ့် ဒါဟာ အခြားသူတွေရဲ့အခွင့်အရေးနှင့်အခြားလွတ်လပ်ခွင့်တွေ၊ လူထုကျန်းမာရေး၊ သဟဇာတရှိရေး (သို့) စာရိတ္တတွေ အကာအကွယ်ပေးဖို့ လိုအပ်တဲ့ အခြေအနေမှာသာ ဖြစ်ပါတယ်။ စစ်မှုထမ်းခြင်းနဲ့ ပတ်သက်တဲ့ အသိတရားအရ ငြင်းဆိုခြင်းရာမှာတော့ အမျိုးသားလုံခြုံရေးဟာ ဘာသာရေး (သို့) သက်ဝင်ယုံကြည်မှု လွတ်လပ်ခွင့်ကို ကန့်သတ်ဖို့ တရားဝင်တဲ့ အကြောင်းရင်း မဟုတ်ဘူးဆိုတာ မှတ်ထားဖို့ အရေးကြီးပါတယ်။

ဒီအချက်တွေမှာ ဘယ်ဟာ မှန်ကန်လဲဆိုတာ ဥပဒေပညာရှင်တွေကိုယ်တိုင်လည်း သဘောထား ကွဲလွဲနေကြတယ်။

အကျဉ်းချုပ်ပြောရရင် အသိတရားအရ ငြင်းဆိုခြင်းအကြောင်းကို ဒီရုပ်ရှင်မှာ ကျွန်တော်တို့ လေ့လာခဲ့ကြတာ ဖြစ်ပါတယ်။ အသိတရားအရ ငြင်းဆိုခြင်းဆိုတာက သင်လုပ်ဆောင်မယ်လို့ သာမန်မျှော်လင့်ထားတဲ့ အရာတစ်ခုကိုလိုက်လုပ်ဖို့ ငြင်းဆိုပိုင်ခွင့်ဖြစ်ပါတယ်။ စစ်မှုထမ်းခြင်း အပေါ် အသိတရားအရ ငြင်းဆိုပိုင်ခွင့်ကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေက အကာအကွယ် ပေးထားပါတယ်။ နိုင်ငံတော်တော်များများက ဒီအခွင့်အရေးကို အသိအမှတ်ပြုထားပေမယ့် တချို့နိုင်ငံကတော့ အသိတရားအရ ငြင်းဆိုသူတွေကို ထောင်ဒဏ် ချမှတ်ကြပါတယ်။ အစိုးရတစ်ချို့ကလည်း အသိတရားအရ ငြင်းဆိုခြင်းကို တခြားနည်းလမ်းနဲ့ နိုင်ငံတော်အဆင့်ထိ အသိအမှတ်ပြုကြပါတယ်။ ဒါပေမယ့် ဒီအခွင့်အရေးတွေဟာ အငြင်းပွားဖွယ် ဖြစ်နေပြီး ဒီကိစ္စနှင့်ပတ်သက်ပြီး အပြည်ပြည် ဆိုင်ရာ ဥပဒေကိုလည်း ပြည့်ပြည့်စုံစုံ ရေးဆွဲမထားပါဘူး။

အသိတရားအရ ငြင်းဆိုပိုင်ခွင့်အပါအဝင် ၄င်းနဲ့ဆက်စပ်တဲ့ လူ့အခွင့်အရေးဆိုင်ရာ အသေးစိတ် အကြောင်းအရာတွေကို ဝက်ဘ်ဆိုက်ပေါ်မှာတင်ထားတဲ့ သင်ထောက်ကူ အကြောင်းအရာတွေမှာ ပိုမိုရှာဖွေလေ့လာနိုင်ပါတယ်။

မူပိုင် - SMC 2018